သုခဘုံ

လမ်းနှစ်သွယ်



အဆွေ
ခရီးသည်
သင်ဘယ်ကိုသွားမှာလဲ

၁။ လောကီသား(လူသား)တိုင်းသည် အပြစ်မှောင်ဖုံးသော လမ်းကျယ်ပေါ်တွင်မွေးဖွားအသက်ရှင်နေကြသည့် အလျောက် ငရဲ၌ လမ်းဆုံး ကြရမည်ဖြစ်သည်။



၂။ လောကီသားတိုင်းသည် မိမိကိုယ်တိုင် ဖြေချ၍ မရနိုင်သည့်အပြစ်ဝန်ထုတ်ကြီးကို ထမ်းထားရခြင်းကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ဝမ်းနည်းခြင်း၊ ရှက်ကြောက် ငိုကြွေးခြင်း၊ ဒုက္ခဆင်းရဲခံခြင်း စသည့် အနိဋ္ဌာရုံများကို ခံစားနေကြရသည်။



၃။ သို့သော် ယေရှုခရစ်တော်ဘုရားသည် လူသားများ ခံရမည့် ပြစ်ဒဏ်အတွက် လက်ဝါးကပ်တိုင်ပေါ်တွင် အသွေးသွန်းပြီး အသေခံခြင်း ဖြင့် အပြစ်ကြွေး ပေးဆပ်တော်မူ၏။ ထိုနောက်မှ သင်္ဂြိုဟ်တော်မူခြင်းကို ခံ၍သုံးရက်မြောက်သောနေ့တွင် ပြန်လည် ရှင်ပြန်ထမြောက်တော်မူ၏။



၄။ ထို့ကြောင့် အရှင်ယေရှုသွန်းခဲ့သော အသွေး တော်သည် သင့်အပြစ် ရှိသမျှကို ဆေးကြော ဖြေလွှတ်ပြီဟု ယုံကြည်လျှင် သင်ထမ်းနေရသော အပြစ်ဝန်ထုတ်ကြီးမှာ ပြေကျသွားပြီး အပြစ်ခွင့်လွှတ်ခြင်း ခံရလိမ့်မည်။

၅။ ထိုအရှင်ကို ယုံကြည်လက်ခံသမျှသော သူတို့သည်အပြစ်သားဘဝမှ ဘုရားသခင်၏ သားအဖြစ်သို့ ကူးပြောင်းလျက် အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းသော ကောင်းကင်ဘုံသွားရာ လမ်းကျဉ်းထဲသို့ ဝင်ရောက်ရသူများ ဖြစ်လာကြ၏။



ထိုသခင်ကို ယုံကြည်၍ ဘုရားသခင်၏ အပြစ်ခွင့်လွှတ်ခြင်းခံရသူ တို့သည် ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ချစ်ခြင်းနှင့် ကြွယ်ဝခြင်းတို့ကို ခံစားရပြီးနောင်တမလွန်၌လည်း အပါယ်ငရဲမှ ကင်းလွတ်ခွင့်ရကြမည်။

ချစ်မိတ်ဆွေ... ယခုဘဝအသက်ရှင်စဉ် စိတ်ချမ်းသာမှု ရလိုပါသလား။ နောင်တမလွန် ဘဝတွင်ဒုက္ခနှင့် ငိုကြွေးခြင်း ကင်းသည့် သုခဘုံ ရောက်ရန် စိတ်ချပြီလား။

အဓိပ္ပာယ်ရှိသော လူ့ဘဝအကြောင်းကို
ပိုမိုသိလိုလျှင်သို့ဆက်သွယ်ပါ

ထုတ်ဝေသူ- ဦးသိန်းရွှေ၊
ကင်းလွတ်ခွင့်အမှတ် (၁၄၂)
အမှတ် (၃) ဦးဖိုးခင်လမ်း၊
ကရင်အမျိုးသားရပ်ကွက်၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ- ဦးအောင်သွင် (၀၃၃၅၉-မြဲ)
ဖိုးလမင်း အော့ဖ်ဆက်၊
(ဖုံး ၇၆၈၄၅)
အမှတ် (၁၇၉)၊
၄၈လမ်း၊ရန်ကုန်မြို့။
ဘာသာရေးဆိုင်ရာ
ခင်ပြခက်အမှတ် (၈၁၀)

info@resourcesformissions.org